မိုးကောင်းမြေစာပေ

# သိပ်တော်တဲ့ ငါ

ဘုနေ

ဆဋ္ဌမအကြိမ်

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့် ခုနှစ်၊ လ | ■ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (ဆဋ္ဌမအကြိမ်) |
| မျက်နှာဖုံးဒီဇိုင်း | ■ Naing Naing |
| ကွန်ပျူတာစာစီ/ အတွင်းဒီဇိုင်း | ■ NKKS (09 4039 70015) (မိုးကောင်းမြေ စာပေ) |
| ထုတ်ဝေသူ | ■ ဦးနိုင်ဝင်းဖော် (မိုးကောင်းမြေ စာပေ-၀၂၈၈၀) အမှတ်(၉)၊ ရန်ပြေ(၈)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ် | ■ Silver Sky Press ပုံနှိပ်တိုက်၊ အမှတ် (၂၆)၊ ၉၇-လမ်း၊ လွတ်လပ်ရေး ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ■ ၁၀၀၀ |
| တန်ဖိုး | ■ ၄၀၀၀ |

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း(CIP)

သုနေ

သိပ်တော်တဲ့ ငါ / သုနေ - ရန်ကုန်၊
မိုးကောင်းမြေ စာပေတိုက်၊ ၂၀၂၃။
၁၃၆ စာ၊ ၂၁ စင်တီ။
(၁) သိပ်တော်တဲ့ ငါ

# သိပ်တော်တဲ့ ငါ

သုနေ

# မာတိကာ


အမှာစာ

၁။ မပျာနဲ့

၂။ ဘယ်သူက ကိုယ့်ကို ပညာပြနေသလဲ

၃။ နှစ်ခါလုပ်ပါ

၄။ သိပ်တော်တဲ့ ငါ --- (၁)

၅။ အလုပ် နဲ့ ငွေ

၆။ အကောင်းထဲက အဆိုးပေါ့

၇။ သိပ်တော်တဲ့ ငါ --- (၂)

၈။ လုပ်ပြီးရင် ဘာဖြစ်မလဲ

၉။ ဝ ပြီလား

၁၀။ စကားပြောတဲ့အခါ

၁၁။ ဘယ်လိုဖြတ်သန်းမလဲ၊ ဘယ်လိုရှင်သန်မလဲ

၁၂။ အောင်မြင်မှု

၁၃။ ဖားလိုကျင့် မြွေလိုမလုပ်နဲ့

၁၄။ အဆိုးဆုံးအတွက် ပြင်ဆင်ထားပါ

၁၅။ သိပ်တော်တဲ့ ငါ --- (၃)
၁၆။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး
၁၇။ မလျှော့နဲ့
၁၈။ အိပ်မက်ကနေ နိုးထပါ
၁၉။ စည်းကမ်းကို ကိုယ်တိုင်သတ်မှတ်ပါ
၂၀။ ရှိတော့ရှိစေ. . . မများစေနဲ့

▲ အမှာစာ

ဒီစာအုပ်ကို ရေးဖြစ်တာက ကိုယ့်ကိုယ်ကိုယ် အားငယ်နေတဲ့သူတွေ၊ သိမ်ငယ်နေတဲ့သူတွေ၊ အရာရာမှာ ဒွိဟဖြစ်ပြီး ဝေဝါးနေတဲ့သူတွေ၊ စိတ်ဓာတ်ကျနေတဲ့သူတွေ၊ လောကကြီးကို အားမလို အားမရဖြစ်နေတဲ့သူတွေကို ခွန်အားတစ်ခုခုလေး ရရှိသွားစေချင်လို့ ဖြစ်ပါတယ်။

အချို့က သူတို့ကိုယ်သူတို့ သိပ်တော်နေလှပြီလို့ ရင်ကိုကော့ပြီး ပြောနေချိန်မှာ အချို့ကတော့ ကိုယ့်ကိုယ်ကိုယ် သိပ်တော်နေကြောင်း ပြောဖို့အတွက် မဝံ့မရဲ ဖြစ်နေကြပါတယ်။

လူတစ်ယောက်က နေရာတကာမှာ လူတကာထက် ပိုပြီးတော်နေ၊ တတ်နေ၊ သိနေနိုင်မှာတော့ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အဲဒီလို ဖြစ်နေပြီလို့ ယူဆနေရင်လည်း အဲဒါ လွဲမှားမှုတစ်ခု၊ ဘဝင်မြင့်မှုတစ်ခု၊ အယုံအကြည်လွန်ကဲမှုတစ်ခုသာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ တစ်နေရာရာမှာ တစ်စုံတစ်ဦးထက်တော့ သိပ်တော်နေဖို့ လိုအပ်ပါတယ်။

ဆိုလိုချင်တာက. . .

နေရာတကာမှာ လူတကာထက် သိပ်တော်နေဖို့ မလိုပါဘူး။ တစ်နေရာရာမှာတော့ တစ်စုံတစ်ဦးထက် သိပ်တော်နေဖို့ လိုအပ်ပါတယ်။

နောက်ပြီး ကိုယ့်အတွက် အရာရာ အဆင်ပြေနေချိန်၊ အရာရာလွယ်ကူနေချိန်တွေမှာ ကိုယ့်ကိုယ်ကိုယ် သိပ်တော်နေတယ်လို့ မခံယူပါနဲ့။ အရာရာ အဆင်မပြေချိန်၊ ခက်ခဲနေချိန်တွေမှာ ကိုယ့်ကိုယ်ကိုယ် သိပ်တော်ကြောင်း ခံယူအားမွေးဖို့သာ ကြိုးစားပါ။

အများတကာရဲ့ ရှေ့မှာ မဟုတ်ဘူးဆိုရင်တောင် ကိုယ်တစ်ယောက်တည်းရှိနေချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်အားပေးသင့်ပါတယ်။ 'သိပ်တော်တဲ့ ငါ' ဖြစ်ကြောင်း စိတ်၏အတွင်းသန္တာန်မှာ ခံယူစွဲမှတ်ထားပါ။

အဲဒီခံယူချက်က တစ်ပါးသူတွေရှေ့မှာ ကြွားဝါဖို့ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်အားပေးဖို့ စိတ်ဓာတ်မြှင့်တင်ပေးဖို့သာ ဖြစ်ပါတယ်။

လူတိုင်း သိပ်တော်နိုင်ကြပါစေ. . .

❖

သုနေ

၂၅-၁-၂၂

နံနက် (၇)နာရီ၊ (၄၇)မိနစ်

မမြန်ချင်ရင် နေပါစေ ...
မပျာပါနဲ့။
နှေးချင်ရင်လည်း နှေးပါစေ ...
အမှားမှား အယွင်းယွင်းတော့ မဖြစ်ပါစေနဲ့။

သုနေ

▲ မပျာနဲ့

“ပျာသာ ပျာတာ ဖွဲ မထွက်ဘူး”

“ပျာတာနဲ့ မြန်တာ တခြားစီပဲ”

“ပျာတာက အမှန်တရားနဲ့ ဝေးစေတယ်” ဆိုတဲ့ စကားမျိုးတွေကို ကြားဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။

ပထမဆုံးစာကြောင်းက အသံတူရာကို ဆွဲယူသုံးစွဲပြီး ပြောဆိုကြတာ ဖြစ်ပါတယ်။ အမှန်က “ပြာသာ ပြာတာ ဖွဲ မထွက်ဘူး” ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ။

‘ပြာ’ဆိုတဲ့ စကားလုံးက ဆန်ပြာတဲ့ နေရာကနေ ယူသုံးထားခြင်း ဖြစ်ပါတယ်။

ရှေးယခင်က ထမင်း ချက်တော့မယ်ဆိုမှသာ အိုးထဲက ဆန်ကို ဆန်ကောထဲ ခပ်ထည့်ပြီးတော့မှ ပြာလေ့ရှိကြပါတယ်။ (ယနေ့အထိလည်း နယ်ဘက်တွေမှာ အဲဒီလို လုပ်နေကြဆဲပါပဲ)။ ဆန်ပြာတယ်ဆိုတာ ဆန်ထဲမှာ ရောနှောနေတတ်တဲ့ ဖွဲ (ဝါ) စပါးခွံအမှုန်အမွှားတွေကို ဘေးသို့ ထွက်သွားအောင်၊ လွင့်စင်သွားအောင် လုပ်လိုက်ခြင်း ဖြစ်ပါတယ်။ ဆန်ပြာလိုက်တဲ့အခါ

ဖွဲက ဆန်ကောရဲ့ အပြင်ကို လွင့်စင် (ထွက်ကျ) သွားပါတယ်။ ဒီတော့မှ ဆန်က ချက်လို့ရတဲ့ အနေအထားကို ရောက်သွားတာမျိုးပါ။

ရှေးလူကြီးတွေက အလုပ် လုပ်ရာမှာ ပျာယာခတ်တဲ့သူ၊ ပျာပျာသလဲလုပ်တဲ့သူကို ဆုံးမဖို့အတွက် အဲဒီ ဆန်ပြာခြင်းကို ဥပမာအဖြစ် အသုံးပြု ပြောဆိုထားခြင်း ဖြစ်ပါတယ်။

ဆန်ပြာတာနဲ့ ပျာယာခတ်တာက လုံးဝမတူပါဘူး။

ဒါပေမဲ့ . . .

အသံတူတာကို ဥပမာယူပြီး ဆုံးမခြင်းမျိုးပါ။

ဆိုလိုချင်တာက လူတစ်ယောက်က အလုပ်တစ်ခုကို ပျာပျာ သလဲ၊ ပျာယီးပျာယာလုပ်နေပေမယ့် အလုပ်က မပြီးဘဲ အလွဲလွဲ အချော်ချော်နဲ့ ဖြစ်နေခြင်းမျိုး (အလုပ်ကိစ္စ မအောင်မြင်ခြင်းမျိုး) ကို ဆိုလိုတာ ဖြစ်ပါတယ်။

အဲဒီလိုလူမျိုးကို ဆုံးမဖို့အတွက် ဆန်ကို ပြာပေမယ့် ဖွဲမထွက်တာကို ပမာပြုပြီး "ပျာသာ ပျာတာ ဖွဲမထွက်ဘူး" လို့ အသံတူရာဖြင့် ဆွဲယူ ဆုံးမကြခြင်း ဖြစ်ပါတယ်။

ဒုတိယစာကြောင်းဖြစ်တဲ့ "ပျာတာနဲ့ မြန်တာ တခြားစီပဲ" ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ အထူးတလည် ရှင်းပြနေဖို့ မလိုဘူးလို့ ထင်ပါတယ်။

အလုပ်ကိစ္စတစ်ခုမှာ ပျာပျာသလဲလုပ်ခြင်း၊ ပျာယီး ပျာယာ လုပ်ခြင်းမျိုးက အလုပ်ကို မပြီးမြောက်စေဘဲ မှားသွားလိုက်၊ ပြန်လုပ်ရလိုက်၊ ထပ်မှားသွားလိုက် ပြန်ပြီး လုပ်ရလိုက်နဲ့ ဖြစ်နေတတ်ပါတယ်။

ဒါကတော့ ပျာတာပါ။

မြန်အောင်လုပ်နိုင်တယ်ဆိုတဲ့သူက အမှားကင်းကင်းနဲ့ပဲ အလုပ်ကိစ္စ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်းမျိုး ဖြစ်ပါတယ်။

ပျာတာနဲ့ မြန်တာ နှစ်ခုစလုံးမှာ တူညီနေကြတဲ့ အချက် တစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ အလုပ် လုပ်တဲ့အခါမှာ လှုပ်ရှားမှုတွေက သွက်လက်နေခြင်းပါပဲ။ ဒါပေမဲ့ ပျာတာက အမှားမှား၊ အယွင်းယွင်း ဖြစ်ပြီး မြန်တာကတော့ အမှား ကင်းကင်းနဲ့ အလုပ် ပြီးမြောက်ခြင်း ဖြစ်ပါတယ်။

နှစ်ခုစလုံးမှာ လှုပ်ရှားမှုတွေက သွက်လက်ကြပါတယ်။ ဒါပေမဲ့ ပျာတာနဲ့ မြန်တာကတော့ လုံးဝ တခြားစီပါပဲ။

နောက်ဆုံးသော စာကြောင်းဖြစ်တဲ့ "ပျာတာက အမှန် တရားနဲ့ ဝေးစေတယ်" ဆိုတဲ့ အချက်ကတော့ ပိုပြီး အဓိပ္ပာယ် ရှင်းလင်းလွန်းလှပါတယ်။

အလုပ်တစ်ခုကို ပျာပျာသလဲ လုပ်ရင်၊ ပျာယီးပျာယာ လုပ်ရင် အမှားအယွင်းဆိုတာမျိုးက ရှိကို ရှိလာမှာဖြစ်ပါတယ်။

ကြံ့ကို ကြံ့လာမှာ ဖြစ်ပါတယ်။

အဲဒီလို အမှားအယွင်းမျိုးတွေ ရှိနေ၊ ကြံ့နေရပြီး ဆိုကတည်းက အမှန်တရားနဲ့ ဝေးစေတယ်ဆိုတာ အသိသာကြီး ပါပဲ။ ဆိုလိုရင်းက ရှင်းရှင်းလင်းလင်းကြီးပါပဲ။

ဒါကြောင့် . . .

ဘယ်ကိစ္စမှာပဲဖြစ်ဖြစ်၊

ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ်

မပျာယာပါနဲ့။

ပျာပျာသလဲ မလုပ်ပါနဲ့။

ပျာယီးပျာယာ မဖြစ်စေပါနဲ့။

စိတ်အေးအေးထားပြီး စေ့စေ့စပ်စပ်လုပ်ကိုင်ခြင်းမျိုးက ကိုယ့်အတွက် အကောင်းဆုံး ဖြစ်သလို ကိုယ်နဲ့ ဆက်နွှယ်နေတဲ့ ပတ်ဝန်းကျင်က လူတွေအတွက်လည်း စိတ်အေးရပါလိမ့်မယ်။

မမြန်ချင်ရင် နေပါစေ . . .

မပျာပါနဲ့။

နှေးချင်ရင်လည်း နှေးပါစေ . . .

အမှားမှား အယွင်းယွင်းတော့ မဖြစ်ပါစေနဲ့။

နှေးတာ (မမြန်တာ) က ပြဿနာတော့ မဟုတ်ပါဘူး။ ရပ်မနေ (မလုပ်ဘဲ မနေ) ရင် အဲဒီအလုပ်က တစ်ချိန်ချိန်မှာတော့ ပြီးမြောက်သွားမှာ ဖြစ်ပါတယ်။။ ဒါပေမဲ့ လိုအပ်တာထက် ပိုပြီး နှေးကွေးနေမယ်ဆိုရင်တော့ တန်ဖိုးရှိတဲ့ ကိုယ့်ရဲ့အချိန်လေးတွေ အလဟဿ ဆုံးရှုံးလိုက်ရတယ် ဆိုတာကိုလည်း ဘယ်တော့မှ မမေ့ပါနဲ့။

ဘယ်အလုပ်မျိုးကိုပဲ လုပ်လုပ် လုံးဝမပျာပါနဲ့။

❖❖❖

လောကမှာ...
အခမဲ့ ပညာသင်ခွင့်ရတာ
အကောင်းဆုံး ဆုလာဘ်တစ်ခု ဖြစ်ပါတယ်။

သုနေ

## ▲ ဘယ်သူက ကိုယ့်ကို ပညာပြနေသလဲ

'ပညာရှာ ပမာသူဖုန်းစား' ဆိုတဲ့ စကားကို လူတိုင်း ကြားဖူးနေကြလိမ့်မယ် ထင်ပါတယ်။ ထို့အတူ 'ပညာလို အိုသည်မရှိ' ဆိုတဲ့ စကားကိုလည်း ကြားဖူးနေကြပါလိမ့်မယ်။

ပညာရှာတဲ့အခါ သူဖုန်းစားများပမာ မရှက်မကြောက် ရှာဖွေကြဖို့ အရေးကြီးပါတယ်။ အတတ်ပညာ၊ အသိပညာတို့ကို ရှာဖွေ သိုမှီးရာမှာ ကြီးသည်၊ ငယ်သည်ကို အလေးမထားဘဲ ရှာဖွေကြဖို့က ပိုပြီးတော့ အရေးကြီးလှပါတယ်။

ကလေးအရွယ်မှာ ကလေးနဲ့ သင့်တော်မယ့် ပညာရပ်၊ လူငယ်အရွယ်မှာ လူငယ်နဲ့ သင့်တော်မယ့် ပညာရပ်၊ လူကြီးအရွယ်မှာလည်း လူကြီးနဲ့ သင့်တော်မယ့် ပညာရပ်တွေကို အမြဲ ရှာဖွေ စုဆောင်း သိုမှီးနိုင်ဖို့က အဓိက ဖြစ်ပါတယ်။

'ပညာတို့ကို လေ့လာရာမှာ ကုန်သည်ဟုကား မရှိချေ' ဆိုတဲ့ စကားအတိုင်း အသိပညာ၊ အတတ်ပညာတွေကို ဆည်းပူး လေ့လာရာမှာ ကုန်ခမ်းသည်၊ ပြည့်ဝသည်၊ ပြည့်ဝှံသည်ဟူ၍ မရှိနိုင်ပါဘူး။

ကျောင်းသားဘဝမှာ ကျောင်းပြဋ္ဌာန်းစာအုပ်ပါ ပညာရပ်တွေကို ကုန်ခမ်းပြီးမြောက်အောင် သင်ယူခဲ့ရတယ်ဆိုပေမယ့် အဲဒီ သင်ယူမှုတွေရဲ့ ဆင့်ပွားပညာရပ်တွေကတော့ လုံးဝ မကုန်ခဲ့ဘူးဆိုတာ နားလည်ထားရမှာ ဖြစ်ပါတယ်။

နေနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်ပါ ပညာရပ်ကို သင်ယူခွင့်ရခဲ့ပေမယ့် နေနဲ့ပတ်သက်တဲ့ ဆင့်ပွားပညာရပ်တွေကတော့ မြောက်မြားစွာ ရှိနေဆဲပါပဲ။ တကယ့် သိပ္ပံပညာရှင်ကြီးတွေတောင်မှ လေ့လာနေရဆဲ ဖြစ်ပါတယ်။

ကိုယ့်မှာ ဘယ်လိုပညာရပ်တွေ လိုအပ်နေသလဲ။

ဘယ်လိုပညာရပ်တွေ ရှိထားသင့်သလဲ ဆိုတာကိုလည်း အမြဲတမ်း ဆန်းစစ်လေ့လာနေရမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့၊ ရှိထားသင့်တဲ့၊ သိထားသင့်တဲ့၊ တတ်ထားသင့်တဲ့၊ လေ့လာထားသင့်တဲ့၊ ဆည်းပူးထားသင့်တဲ့ အသိပညာ၊ အတတ်ပညာတွေက လောကမှာ မကုန်နိုင်၊ မခမ်းနိုင်အောင်ပါပဲ။ ဘယ်ပညာရပ်က ကိုယ့်အတွက် အလိုအပ်ဆုံးဆိုတာကိုပဲ ကိုယ့်ဘက်က ရွေးချယ် ပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။

ငယ်စဉ်တုန်းကတော့ ကိုယ့်အတွက် လိုအပ်တဲ့ ပညာရပ်တွေကို မိဘတွေ၊ အုပ်ထိန်းသူတွေက သင်ယူခိုင်းခဲ့ကြတာ ဖြစ်ပါတယ်။ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းရတဲ့အချိန်မှာတော့ . . .

ကိုယ့်အတွေးနဲ့ကိုယ်၊

ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်

ကိုယ့်အသိဉာဏ်နဲ့ကိုယ် ဝေဖန်ပိုင်းခြား၊ လေ့လာဆန်းစစ်ပြီး သင်ယူဆည်းပူးရမှာ ဖြစ်ပါတယ်။

အချို့သော ပညာရပ်တွေက စာအုပ်တွေ၊ သင်တန်းတွေ၊ ဟောပြောပွဲတွေကနေ ရရှိနိုင်ကြပေမယ့် အချို့သော ပညာရပ်တွေကတော့ ဘဝရဲ့အတွေ့အကြုံတွေ၊ လောကဓံတရားတွေကနေပဲ သင်ယူရရှိနိုင်ပါတယ်။

နှစ်အချက်ဖြစ်တဲ့ ဘဝရဲ့အတွေ့အကြုံတွေ၊ လောကဓံတရားတွေကနေ ရရှိတတ်တဲ့ ပညာရပ်အချို့ဆိုရင် ကိုယ့်အတွက် လိုအပ်နေမှန်း၊ ဘယ်နေရာကနေ သင်ယူလေ့လာရမှန်း ဆိုတာ မသိအောင်ပင် လျှို့ဝှက်နက်ရှိုင်းကြပါတယ်။

"ဒီလူ ငါ့ကို သက်သက်မဲ့ ပညာပြနေတာ"

"ငါ ဒီကောင်ကို ပညာပြလိုက်ဦးမယ်"

ထိုသို့သော စကားမျိုးတွေကို ကြားဖူး၊ ပြောဖူးကြမယ့်သူတွေ များစွာ ရှိပါလိမ့်မယ်။

ပညာပြတဲ့သူက သူ့ကိုယ်သူ ဆရာကြီးဖြစ်ကြောင်း ပြတာမျိုး ဖြစ်နိုင်သလို တစ်ဖက်သားကို စိတ်သောကဖြစ်အောင် ပြတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ဦးဦးက ကိုယ့်ကို အဲဒီလို ပညာပြလာပြီဆိုရင် စိတ်ညစ်ရ၊ သောကဖြစ်ရ၊ ဒုက္ခကြုံရတာ ခမ္မတာပါပဲ။

အလုပ်ကိစ္စတစ်ခုကို ကိုယ်က မကျွမ်းကျင်တဲ့အချိန်မှာ တစ်ဖက်လူက ပညာပြတာမျိုး ကြုံဖူးကြလိမ့်မယ် ထင်ပါတယ်။ မသိတာ၊ မတတ်တာ၊ နားမလည်တာကို လက်တွဲခေါ်ဖို့၊ ဖေးမကူညီဖို့၊ သင်ကြားပြသဖို့ မကြိုးစားဘဲ ဘာမဟုတ်တဲ့ အသေးအမွှား လွဲချော်မှု (ပြဿနာ) လေးကို ကြီးမားသွားအောင် ပညာပြတတ်တဲ့ ပညာရှင်ကြီးတွေလည်း လူ့ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေး

ပါပဲ။

ကိုယ်တိုင် ဖြေရှင်း၊ လုပ်ကိုင်နိုင်အောင် လေ့ကျင့်ပေးတာမျိုးမဟုတ်ဘဲ တစ်ဖက်လူကို တမင်သက်သက် ပညာပြချင်တဲ့ မဟာ့မဟာ ပညာရှင်ကြီးတွေလည်း လောကမှာ အပြည့်ပါပဲ။ အဲဒီလို မဟာပညာရှင်ကြီးတွေ အားလုံးလိုလိုမှာတော့ တူညီတဲ့ အချက်တစ်ချက် ရှိတတ်ကြပါတယ်။ အဲဒါက စိတ်စေတနာတွေ ယုတ်ညံ့ကြခြင်းပါ။

ဆိုခဲ့သလို အချို့ပညာရပ်တွေက ကိုယ်တိုင်က လိုအပ်နေမှန်း၊ ဘယ်ကနေ သင်ယူရမှန်း မသိတာမျိုး ရှိစမြဲပါ။ အဲဒီလို ပညာရပ်မျိုးတွေကတော့ မဟာပညာရှင်ကြီးတွေ ပြတဲ့ ပညာရပ်တွေပဲ ဖြစ်ပါတယ်။

ဒီတော့ ကိုယ့်အပေါ်မှာ တစ်စုံတစ်ဦးက ပညာပြလာပြီဆိုရင် ဒေါသမဖြစ်ပါနဲ့။ စိတ်မညစ်ပါနဲ့၊ သူပြတဲ့ ပညာကိုပဲ ရရှိအောင် ယူလိုက်ပါ။ သူ့ကြောင့် ကြုံတွေ့လိုက်ရတဲ့ ပြဿနာကို စိတ်ရှည်ရှည်နဲ့ ရအောင် ဖြေရှင်းပါ။

အချိန်တန်ရင် အဲဒီလုပ်ငန်းမှာ ပြဿနာတွေ ရှင်းလင်းပြီး ကျွမ်းကျင်အဆင့် ဖြစ်သွားပါလိမ့်မယ်။

ဒါကြောင့် ဘယ်သူက ကိုယ့်ကို ပညာပြနေသလဲဆိုတာ နားလည်အောင် လုပ်ပါ။ သူ့ဆီကနေ အဲဒီပညာရပ်ကို ရအောင် ယူလိုက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြှင့်တင်လိုက်ပါ။

လောကမှာ အခမဲ့ ပညာသင်ခွင့်ရတာ အကောင်းဆုံးဆုလာဘ်တစ်ခု ဖြစ်ပါတယ်။

❖❖❖

ဘယ်ကိစ္စမှာပဲဖြစ်ဖြစ်၊
ဘယ်လိုအလုပ်မျိုးမှာပဲဖြစ်ဖြစ်
အမြဲတမ်း နှစ်ခါလုပ်ပါ။

သုနေ

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

ကိုယ့်အတွက်...

အရာရာ အဆင်ပြေနေချိန်၊ အရာရာ လွယ်ကူနေချိန်တွေမှာ

ကိုယ့်ကိုယ်ကိုယ် သိပ်တော်နေတယ်လို့ မခံယူပါနဲ့။

အရာရာ အဆင်မပြေချိန်၊ အရာရာ ခက်ခဲနေချိန်တွေမှာ

ကိုယ့်ကိုယ်ကိုယ် သိပ်တော်ကြောင်း

ခံယူအားမွေးဖို့သာ ကြိုးစားပါ။

# သိပ်တော်တဲ့ ငါ

graphic design : Naing Naing @ 2022

ဘုဓနေ

MKM SP 4000 Ks

9 697006 068717